# လက်ပံတောင်းတောင် ကြေးနီစီမံကိန်းတွင် ငြိမ်းချမ်းစွာကန့်ကွက်ဆန္ဒပြသူများအား အကြမ်းဖက်နှိမ်နင်းမှုအပေါ် ထုတ်ပြန်ကြေညာချက်

နေ့စွဲ။ ။ ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်

၁။ လက်ပံတောင်းတောင် ကြေးနီသတ္တုတွင်းစီမံကိန်းရှိသော မြေနေရာသည် ဒေသခံတောင်သူလယ်သမားများ၏ ဘိုးစဉ်ဘောင်ဆက် စိုက်ပျိုးထွန်ယက် လုပ်ကိုင်လာသော မြေနေရာဖြစ်သည်။ ထို့အပြင် သဘာဝတောတောင်ရေမြေတို့သည်လည်း အသက်မွေးဝမ်းကျောင်း အမှီပြုရာနေရာဒေသလည်းဖြစ်သည်။

၂။ ထို့ပြင် ထိုမြေနေရာသည် ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ သမိုင်းဝင်ဗုဒ္ဓဘာသာအမွေအနှစ်ဖြစ်သော သာသနာ့ အဆောက်အဦးမြေတည်ရှိရာ နေရာဖြစ်သည်။

၃။ ယခင်စစ်အစိုးရသည် ဒေသခံတောင်သူလယ်သမားများ၏ အိမ်ခြံမြေယာ၊ ဥယျာဉ်ခြံမြေ၊ သာသနာ့မြေနှင့် သိမ်ကျောင်း၊ သာသနာ့အဆောက်အဦးတို့ကို သိမ်းပိုက်ခဲ့ပြီး လက်ပံတောင်းတောင်ကြေးနီသတ္တုတွင်းစီမံကိန်းအား စစ်တပ်ပိုင်မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် တရုတ်နိုင်ငံ ဝမ်ပေါင်ကုမ္ပဏီတို့ကို ဖက်စပ်လုပ်ကိုင်ခွင့်ပေးခဲ့သည်။

၄။ စစ်အစိုးရ၏ အမွေခံကို ဆက်ခံသော ဦးသိန်းစိန်နှင့် အပေါင်းပါ စစ်အာဏာရှင်တစုသည် စစ်ဗိုလ်ချုပ်ကြီးများ၏ အကျိုးစီးပွားအတွက်သာ ကြည့်ပြီး

(က) ဒေသခံတောင်သူလယ်သမားများ၏ အသက်ရှင်နေထိုင်ရေးကို မျက်ကွယ်ပြုခြင်း၊

(ခ) သမိုင်းဝင် ဗုဒ္ဓအမွေအနှစ်၊ ကျေးဇူးရှင်လယ်တီဆရာတော် ဘုရားကြီး၏ သာသာနာ့အဆောက်အဦး–ဘုရား–သိမ်–တို့ကို သိမ်းပိုက်ဖျက်ဆီးခြင်း၊

(ဂ) သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်ဖျက်ဆီးခြင်း၊

(ဃ) ဂေါတမ ဗုဒ္ဓမှ အဇာတသတ်အား သာမညဖလသုတ် ဟောကြားခဲ့သည့် တန်ဆောင်မုန်းလပြည့်နေ့ညကိုမှ အရှိအသေအလေးအမြတ်မထားဘဲ ငြိမ်းချမ်းစွာ ဆန္ဒပြနေကြသည့် ရဟန်းရှင်လူပြည်သူများအား ညဉ့်နက် (၃)နာရီခန့်တွင် အကြမ်းဖက်ဖြိုခွဲခြင်းဖြင့် ဘာသာသာသနာကို စော်ကားခြင်း၊ ထိုသို့ ငြိမ်းချမ်းစွာ ကန့်ကွက်ဆန္ဒပြသူ ရဟန်းရှင်လူပြည်သူများအား လူညွှန့်တုံးအောင် ဓါတုဗေဒဗုံးလက်နက်ဖြင့် နှိမ်းနင်းခဲ့ခြင်းသည် နိုင်ငံတကာကျင့်စဉ်လုပ်ထုံးလုပ်နည်းစံချိန်စံညွှန်းကို ချိုးဖောက်ရာရောက်ခြင်း၊

၅။ ထို့ကြောင့် မတရားအမိန့်အာဏာထုတ်ပြန်ကြေညာသည့် သမ္မတဦးသိန်းစိန်နှင့် အာဏာပိုင်များအား အပြင်းအထန် ကန့်ကွက်ရှုတ်ချလိုက်သည်။

၆။ အထက်ပါအချက်များသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းပါ စံချိန်စံညွှန်းများကို ဖေါက်ဖျက်ခြင်း၊ လူသာချင်းစာနာသော စိတ်ဓါတ်များ ကင်းမဲ့နေခြင်းတို့ကြောင့်

(က) အကြမ်းဖက်နှိမ်နင်းရာတွင် ကျူးလွန်ခဲ့သည့် တာဝန်ရှိသူများအား ရာဇဝတ်ကြောင်းအရ တရားစွဲဆို အရေးယူရန်၊

(ခ) ထိခိုက်ဒဏ်ရာရရှိကြသည့် ရဟန်းရှင်လူပြည်သူအားလုံးအား နိုင်ငံတော်မှ အခမဲ့ အလျင်အမြန် ဆေးဝါးကုသပေးရန်နှင့် သေရာပါထိခိုက်ဒဏ်ရာများအတွက် အသက်ရှင်နေသရွေ့ ကာလပါတ်လုံး လူမှုဖူလုံရေးတာဝန်ယူရန်၊

(ဂ) လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို ဖျက်သိမ်းရန်၊

(ဃ) ဒေသခံတောင်သူလယ်သမားများ၏ သိမ်းပိုက်ခံလယ်ယာမြေများကို ပြန်ပေးရန်၊

(င) ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ သာသနာ့အဆောက်အဦး သမိုင်းဝင်ဗုဒ္ဓဘာသာ အမွေအနှစ်များကို ပြန်လည်ပြုပြင်တည်ဆောက်ပေးရန် ကျွန်ုပ်တို့အဖွဲ့မှ အလေးအနက်တောင်းဆိုအပ်ပါသည်။

၇။ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့အားလည်း ဓမ္မလမ်းကြောင်း လုပ်ထုံးလုပ်နည်းများဖြင့် အရေးယူပေးပါရန် တောင်းဆို အပ်ပါသည်။

**"အကြွင်းအကျန် အာဏာရှင်စနစ်ဆိုးကို လူထုအင်အားဖြင့် အမြစ်ပြတ် ချုပ်ငြိမ်းရမည်။"**

Burmese American Democratic Alliance (BADA)　　Burmese American Women's Alliance (BAWA)

တသီးပုဂ္ဂလများ

---

ဆက်သွယ်ရန်။ ။ ဦးမြတ်ထူး ------ ဖုန်း (၅၁၀) ၄၃၂ ၃၅၇၀

ဒေါ်ခင်တင့်တင့် ------ ဖုန်း (၈၀၅) ၇၀၄ ၆၈၇၈